### (၅) ဂါနိုဒါးမားပင်စည်ခြေပုပ်ရောဂါ (Basal Stem Rot)

**ရောဂါဖြစ်စေသောသက်ရှိ  - Ganoderma sp.**

**ရောဂါလက္ခဏာများ**

ပျိုးပင်အဆင့်တွင်ရောဂါကျပါက အောက်ခြေ အလက်များ၏ အရွက်များသည် တစ်ဖက် ထဲတွင် အစိမ်းရောင်ပျောက်ခြင်း (သို့) အရွက်တစ်ရှူးများသေနေတတ်သည်။ ပင်စည် အောက် ခြေအား ကန့်လန့်ဖြတ်ပိုင်းဖြတ်ကြည့်ပါက အရောင်ပျက်၍ပျော့နေသော တစ်ရှူးသား ကိုတွေ့ ရသည်။ အပင်ကြီးများတွင်ရောဂါကျပါက အပင်ကြီးထွားမှုလျော့ နည်းလာသည်။ အလက်ရင့် များသည် အရွက်များ အစိမ်းရောင်ဖျော့ပြီး တစ်ရှူးများ သေကာ အပင်တွင်တွဲလောင်းကျသည်။ အပင်ခြေပင် စည်ပိုင်းတွင် မာကြောသော ဂါနိုဒါးမားမှိုများကို တွေ့နိုင်သည်။ ဂါနိုဒါးမားမှိုများကို ပင်စည်တွင် တွေ့ရှိရခြင်းသည် အစာကြော ရေကြောကို မှိုရောဂါတိုက်ခိုက်ခံနေရပြီဖြစ်ကြောင်း သိနိုင်သည်။






**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပျိုးပါ။
- ရောဂါကင်းသောပျိုးပင်များကိုသာစိုက်ပျိုးပါ။
- စိုက်ခင်း၌ ရောဂါကျနေသောအပင်ကို ဖယ်ရှားပစ်ပါ။
- ၎င်းနေရာတွင် အသစ်ပြန်စိုက်ခြင်းမပြုရပါ။
- ပေါင်းမြက်များကိုနှိမ်နင်းပါ။
- ရေစီးရေလာကောင်းအောင်ဆောင်ရွက်ပါ။
- ရောဂါကျမြေကို ထုံးဓာတ်ထည့်ပေးခြင်းသည် ရောဂါကျရောက်မှုကို သက်သာစေသည်။